
ရှိတ်စပီးယား ၏

# ဗင်းနစ်မြို့ ကုန်သည်ကြီး

THE MERCHANT OF VENICE



ရှိတ်စပီးယား ၏

# ဗင်းနစ်မြို့ ကုန်သည်ကြီး

THE MERCHANT OF VENICE


ဇာတ်လမ်းဘာသာပြန်-ခင်မျိုးချစ်
ပန်းချီ-ဦးဘကြည်




ရှေးသရောအခါ-ဣတာလီပြည်-ဗင်းနစ်မြို့တော်တွင်(အင်တိုနီယို)အမည်ရှိသော ကုန်သည်ကြီးတယောက်ရှိလေသည်။သူသည် ............



....သင်္ဘောများစွာပိုင်ဆိုင်၍ တခြားရပ်ခြား နိုင်ငံများနှင့် အရောင်းအဝယ်ပြုလုပ်လေသည်၊ စိတ်ကောင်းရှိပြီး ပစ္စည်းဥစ္စာကြွယ်ဝသောသူဖြစ်လေသည်။



သူ၏ အခင်မင်ဆုံး မိတ်ဆွေမှာ(ဘက်ဆာနီယို) မည်သော အမျိုးကောင်းသားတဦးဖြစ်လေသည်။



(ဘက်ဆာနီယို)သည်-(ပိုရှာ)မည်သော အမျိုးသမီးကိုချစ်ခင်နှစ်သက်၏။ သို့သော် သူ့မှာ ဥစ္စာပစ္စည်း မပြည့်စုံသဖြင့် လက်ထပ်ဘို့ခွင့်ပန်ရန် ဝန်လေးနေသောသူဖြစ်လေသည်။ ။


(ပိုရှား) မှာ ရုပ်ရည်လှပ၍ ဓနဥစ္စာ ချမ်းသာသူ ဖြစ်သည်။ ဗင်းနစ်မြို့နှင့် မနီးမဝေး ဘယ်လ်မွှတ်မြို့၌ နေထိုင် သည်ဖြစ်ရာ......
(ပိုရှား) ငါ့အပေါ် မေတ္တာ သက်ဝင်မြင်း - ရှိ - မရှိလောက် သိရရင်တော်ပါပြီ.... အဲဒါ.. သွားအကဲခပ် ချင်လို့ ခရီးထွက် နိုင်အောင် - ငွေ ချည်းချည်း မ,စ,ပါ သူငယ်ချင်း
(ဘက်ဆာနီယို) သည် - (ပိုရှား) ထံသွားရောက် လည်ပတ်ရန် စရိတ်စက - အတွက် (အင်တိုနီယို) ထံ ငွေလာချေးလေသည်။
ငါ့သင်္ဘောတွေက - ပင်လယ်ခရီးထွက်နေကြလို့ - ငွေ အရင်းအနှီးတွေ မြှုပ်နေတယ်။ သင်္ဘောတွေပြန်ရောက် မှသာ - ငွေပြန်ပေါ်မှာ.....
..........မင်းကိုလည်း ငါကူညီချင်တယ် - ဒီတော့ - ငွေကို တခြားက ချေးပေးမယ်ကွာ - သင်္ဘောတွေ မကြာမီ ပြန်ဆိုက်မှာပဲဟာ... ငွေတိုးကြာကြာ ပေးရမှာ မဟုတ် ပါဘူး....
မင်းနစ်မြို့တွင် (ရှိုင်းလော့) အမည်ရှိသော - ရေဝတီ လူမျိုး - ငွေချေးသူတဦးရှိသည်။ ငွေတိုး မတန်တဆယူ၍ - ...ဆဲ လူသဖြင့် အမည်ကြီး...
(အင်တိုနီယို) သည် - (ရှိုင်းလော့) ကိုမုန်းသည်။ တွေ့တိုင်းပင် - သူ၏ မသမာမှုများကို ထုတ်ဖော် ပြောဆို၍ ရန်တွေ့လေ့ရှိသည်။


ငါ့ကိုလူရှေ့သူရှေ့မှာ မရှောင် အရှက်ကွဲအောင် ပြောတဲ့ကောင် - ဒီတခါတော့ သိစေမယ်၊ အချက်တော့ရပြီ ကလဲ့စား ချေလိုက်ရအုံးမယ်.....
(ရှိုင်းလော့)ကလည်း - (အင်တိုနီယို)ကို မုန်းသည်၊ ယခု အခါ(အင်တိုနီယို) နှင့် (ဘက်ဆာနီယို)တို့ ငွေချေးရန်လာသောအခါ ကလဲ့စားချေရန်ကြံလေ၏
တနေ့ကဘဲ ခင်များက ကျုပ်ကို - ခွေး - လို့ခေါ်သေးတာဘဲ၊ ဒါနဲ့များ - အခု ခင်များကို - ငွေချေး ရဦးမှာလား
တနေ့ကတင် မကသူ့ အခုလဲ - ခွေး - လို့ခေါ် ဦးမှာဘဲများ၊ ချေး ချင်ချေး၊ မချေး ချင် နေပေါ့..
မိတ်ဆွေအဖြစ်နဲ့ မချေးဘဲ၊ ရန်သူ အဖြစ်နဲ့ ချေးပေါ့ များ၊ ဒါမှ ပျက် ကွက်တဲ့အခါ - မျက်နှာ မနာရ - မထောက် ထားရဘူးပေါ့
အင်း.... ခင်များကတော့ ဒေါသူညို့ဘဲ၊ ခင်များနဲ့ မိတ်ဆွေ ဖြစ်ချင်လို့ - ခင်များ ပြောတာတွေကို - ကျုပ်က မေ့ပစ်ပါ့မယ်၊ ခင်များလိုနေတဲ့ငွေကို ကျုပ်က - အတိုး - တပြားတချပ်မှ မယူဘဲ - ချေး ပါ့မယ်များ....
ဘာ့မယ် ဒီလိုဆိုတော့လဲ ခင်မင်ကြင်နာ သမှု - ဆို ရမှာပေါ့
ခင်မင်ကြင်နာမှုကို - ဒီလိုပြမှရမှာပေါ့၊ အခုဘဲ အမိန့်တော်ရ ရှေ့နေထံ သွားပြီး - စာချုပ် လက်မှတ် ထိုးတာပေါ့များ၊ ငွေ - ဒီမှာ ဒီလောက်ချေးပါတယ်၊ ဘယ် အချိန်ကာလ အတွင်းမှာ ပြန်ပေးပါမယ်၊ ......ဟုတ်လား...
.....ပြီးတော့ - ပြောင်စေ ပျက်စေ - ပေါ့များ - မပေးနိုင်ရင် - ခင်များကိုယ်ထဲက - ကျုပ်ကြိုက် တဲ့နေရာကနေပြီး - အသားတစ် - ၁ - ပေါင် - ဖြတ်ယူစေဘို့ သဘောတူ ပါတယ်...... .....ပေါ့...
စိန်လိုက် - သဘောတူတယ်၊
ဟာ - မလုပ်ပါနဲ့များ - ကျနော့်ငွေ မရှိလို့ ဘာမှ မဖြစ်ပါဘူး
ငါ့သင်္ဘောတွေ ပြန်ရောက်ရင် - သူ့ငွေပြန်ပေး နိုင်မှာပါ......


(အင်တိုနီယို)သည်-ပြောပြောဆိုဆို နှင့်ပင်-စာချုပ်လက်မှတ်ရေးထိုး၍-ပေးလိုက်သောငွေကို (ဘက်ဆာနီယို)သည်-စိတ်လေးလေး နှင့်ယူ၍ ဘယ်လ်မွတ်မြို့သို့ထွက်ခွါသွားလေသည်။
ဘယ်လ်မွတ်မြို့တွင်(ပိုရှား)သည်-သူ့ဖခင်လက်ထက်မှ အမွေရလိုက်သော အိမ်ကြီးတွင် လက်ပါးစေအဖေါ်(နာရစ်ဆာ)နှင့်နေထိုင်ကြသည်
(ပိုရှား)ကို လက်ထပ်လိုသူသည်-ရွှေ-ငွေ-ခဲ-သေတ္တာ သုံးလုံးကို ရွေးရမည်။သေတ္တာတလုံးထဲ၌ (ပိုရှား)၏ရုပ်ပုံရှိသည်။၎င်းသေတ္တာကိုရွေးနိုင်သူမှသာ (ပိုရှား)ကိုလက်ထပ်နိုင်ခွင့်ရှိသည်..... ......တဲ့
(ပိုရှား)၏ဖခင်သည်သူ့သမီးအားငွေမက်မော၍ လက်ထပ်လိုသောသူများ-မကြံစည်နိုင်အောင် သေတမ်းစာတွင် ရေးသားထားခဲ့လေသည်။
မမဖြင့်-လောကကြီးကို ငြီးငွေ့လာပြီ။လောကကြီးမှာ-အပြောရလွယ်သလောက်-အလုပ်ရ မလွယ်ပါဘူး..... ဦးနှောက်ကစီစဉ်ပေးတဲ့ ဥပဒေကို-အသဲနှလုံး-သွေးသားက လိုက်နာချင်တာမျိုး မပေါ်တော့ဘူး။ကဲ-အခုကြည့်လေ မမရဲ့ အဖြစ်ကို....
လိမ္မာသောသမီးဖြစ်၍-ဖခင်၏စကားကိုနားထောင်ကာ ဖူးစာရှင်ကို စောင့်မျှော်နေ၏။ တခါတရံ၌ (နာရစ်ဆာ)နှင့် ပြောဆိုမိလေသည်။
.... ဖူးစာရှင် ဘာဖြစ်နဲ့-ဘယ်ယောက်ျားသားကို ရွေးယူလို့လဲ-မဖြစ်ဘူး-မကြိုက်ပါဘူးလို့လ မပယ်နိုင်ဘူး...... ....မခက်ဘူးလား.....
ခုထိ မမကိုလက်ထပ်ချင်လို့ လာကြတဲ့ အထဲက ဘယ်သူ့ကိုရွေးလို့ ဘယ်သူ့ကို-ပယ်ချင်လို့လဲ
ကဲလေ... ဘယ်သူ တွေလာတယ် ဆိုတာ ပြောပါအုံး
ဟို... နေပယ်မြို့တော်က မင်းသား ကော. ဘယ့်နဲ့လဲ
ဪ.. မြင်းရူးပြောတာလား၊ မြင်းအကြောင်းကလွဲပြီး ဘာစကားမှမပြော တတ်တဲ့ လူလေ.....


ဒါဖြင့်..ဟို....
မြင်သစ်ပြည်က
မြို့စားလေးကော
အဲ ဒီလူလား – လူဆို
လို့သာ ခေါ်ရတယ် ·
သူများကို သရော်
မော်ကား; ပြောရတာတော့
မကောင်းပါဘူး - ဒါပေ
မယ့် - ဒီလို - လေကြွား -
စကား အိုး – များ တော့ ---
---- တော်ပါပြီ။
...အင်္ဂလန် ကလာ တဲ့
မြို့စား တယောက် ရှိသေး
တယ်လေ...
သူ့ကိုဖြင့် - မမ ဘာစကား တလုံးမှ
မပြောလိုက်ရဘူး၊ သူကလဲ - မမ
တို့စကား နားမလည်၊ မမ - ကလဲ
အင်္ဂလိပ်စကား မတတ်၊ ဒီအထဲ
သူ့ကိုက - တုတ်ကြိုဘာဝေကြီးပါ၊
သူ့နဲ့သာ နေရရင်တော့ - ခြေမြ - လက်မြန့် စကား
ပြောပြီး - အတော် ပျင်းစရာ ကောင်းမယ် ..
ကိစ္စကြီးပါ ......
တခါတုန်းက - မှတ်မိသေးလား
မမရဲ့ဖေဖေ ရှိတုန်းကလေ....
မြို့စားကြီးတယောက်နဲ့ အတူပါလာ
တဲ့ - မင်းနှစ်မြို့က အမျိုးကောင်း
သား - လူငယ်တယောက်လေ...
ဟုတ်တယ် - မှတ်မိတယ်၊
သူ့နာမယ်က (အက်ဆာနိုယို)တဲ့
သူ့ကြည့်ရတာ ဘုရင့်ဆွေ သိက္ခာနဲ့
တော်ပုံရတယ်.
ဟုတ်တယ် (အရစ်ဆာ)·
မင်းမျိုးမွှမ်းမယ် ဆိုလဲ
မျိုးမွှမ်းစရာဘဲ...
မော်ရက်ကို · မင်းသား နှင့်
အာရလွန် · မင်းသား တို့
မမကြီး ကို တွေ့လို
ပါသတဲ့.....
ထိုအခိုက် · အိမ်စေ တဦးဝင်လာပြီး ..........
အလို · သေတ္တာတွေပေါ်မှာ · စာတွေနဲ့ပါလား၊
အင်း...ရွှေသေတ္တာပေါ်မှာက
“ငါ့ကိုရွေးလျှင် · လူတွေအလိုရှိ
တတ်သော ဥစ္စာကိုရမည်” ဆို
ပါကလား..
များမကြာမီ · မော်ရက်ကို မင်းသားသည် ·
သေတ္တာများကို လျှောက်ကြည့်နေတော့၏-


အင်း - ငွေသေတ္တာ ပေါ်က ကော .....
“ငါ့ကို ရွေးလျှင် - သင် နှင့် ထိုက်တန်ရာကို ရရှိစေမည်” ....တဲ့
ကဲ ...ခဲ သေတ္တာက ကော .....
“ငါ့ကို ရွေးသူသည် - သင့် ရှိသမျှကို ပုံပေးရမည်၊ အရှုံး အဖြတ် မခံနိုင်ရင်တော့ စုံ မှိတ်၍ ပေးရမည်” .. တဲ့ — ..... ဟာ ...
ဟာ- စာတစောင်လဲ ရှိပါလား; ဖတ်ကြည့်ရအုံးမယ်၊
အရောင်တောက်တိုင်းလည်း - ရွှေမဟုတ် - သည် စကားကို ကြားဖူးပါလိမ့်မည်။ လူ အများ အပြားပင် - ငါ၏ ပြင်ပအဆင်း ရွှေရောင်ဝင်းဝင်းကို မက်မောကြပြီး - ကိုယ့်ကိုယ်ကို ရောင်းစားကြသည်။ သင်္ချိုင်းဂူကို အပြင်က ရွှေချထားလည်း အတွင်းမှာ ပိုးကောင် လောက်ကောင် ပြည့်နေသည်။ ။ ကဲ - သွားပေတော့ ..... မင်းတော့ ရှုံးပြီ ......... တဲ့
မော်ရက်ကိုမင်းသားသည် - ရွှေသေတ္တာကို ရွေး ချယ်၍ ဖွင့်လိုက်ပြီးနောက် ....ထွက်ခွာသွားရသည်
ရွှေရောင်သေတ္တာပေါ်မှာ ရေးထားတာက ... (ငါ့ကို ရွေးလျှင် လူတွေ အလိုရှိတတ်သော ဥစ္စာကို ရမည်) .... အင်း - လူတွေဆိုတာ လူအများ ။ လူအများဆိုတာ - အများစု ။ ဉာဏ် ပညာ မရှိတဲ့ လူတွေပေါ့ ။ ငါက လူအများ ထက် - အစစ အရာရာ သာနေတဲ့ လူဘဲ ....
မိမိကိုယ်ကို မိမိ အထင်ကြီး သော (အာရဂွန်) မင်းသား အလှည့်ကျကာ ဝင်လာပြီးနောက်
.... ကဲ-ကဲ - မှန်းစမ်း - ငွေသေတ္တာပေါ်က စာ ... (ငါ့ကို ရွေးလျှင် - သင်နှင့်ထိုက်တန်ရာကို ရစေမည်...)။ ။အဲ-ဒီလိုမှပေါ့ - ငါနဲ့ထိုက်တာ ဆိုတော့ ..... ကဲ - သော့ပေး ....... ဟော ဒီ ငွေသေတ္တာကိုဘဲ ရွေးလိုက်မယ် ....



မှားစကြောမီပင် (ဘက်ဆာနီယို)နှင့် တပည့် (ဂရက်ရှာနို)တို့ရောက်လာပြီး - သေတ္တာ-သုံး
လုံးကို-ရွေးချယ်ခွင့်ပြုရန် ကြားလေတော့သည်
ကျွန်မ-တောင်းပန်ချင်ပါတယ်.... သေတ္တာများကို-မရွေးမီ-၁-ရက် -၂-ရက် စောင့်ဆိုင်း စေချင်ပါတယ် အကယ်၍ အမှားကို ရွေးမိလျှင် ချက်ချင်း ထွက်ခွာ သွားရလိမ့်မယ်၊ သင်တို့ကို တဖန်ပြန်၍ တွေ့ရတော့မည်မဟုတ်ပါ။ သို့ပါ၍ - စောင့်ဆိုင်းစေချင်ပါသေးတယ်....
ယခုပင် ရွေးပါရစေတော့- စောင့်ဆိုင်းနေရသည့် ဒုက္ခကို-ခံ-မနေချင်တော့ပါ—
ရုပ်ပုံပါတဲ့ သေတ္တာကို မြော်မြင်ရင်လဲ - မေမေ-ကို-သစ္စာဖေါက်ရာကျတော့မယ်
ရှင်-ကျွန်မကို တကယ်ချစ်လျှင် - ရုပ်ပုံပါတဲ့ သေတ္တာကို ရွေးတတ်မှာပါဘဲ။ ။ ကဲ- ဒီအခက်အခန်းထဲ ကြွပါရှင်....
အပေါ်ယံ-တောက်ပ သစ်လွင်-ထယ်ဝါသော်လည်း- အတွင်းသား အရုပ်ဆိုး တန်ဘိုးမရှိ ဖြစ်တတ်သည်- ...တဲ့
(ဘက်ဆာနီယို)သည်-ခဲ-သေတ္တာကိုရွေးလိုက်၏
သင်သည် အမြင်အပ-အလှကို မကြည့်ဘဲ - ရွေးချယ်သူဖြစ်၍-ဆုမွန်ကောင်းနှင့် ထိုက်တန်သူဖြစ်သည်... ......တဲ့



မင်္ဂလာဆောင် ကိစ္စအတွက် အစီအစဉ် လုပ်ကြပါစို့
(ပိုရှား) မှာလည်း အလွန်ဝမ်းသာ လေတော့၏
ကျနော်တို့ကိုလဲ လက်ထပ်ခွင့်ပြုပါ
(နာရစ်ဆာ) သဘောတူရင် ခွင့်ပြုပါတယ်..
ဟုတ်. ဟုတ်.ကဲ့
အတူပါလာသော (ဂရက်ရှာနို) ကလည်း - (နာရစ်ဆာ) အား လက်ထပ်လိုရှိ..........
ဟင်... (လော်ရင်ဇို) ပါလား သူက - ဘယ်သူလဲ - လာကြလေ -
ထိုအချိန်ပင် - ဗင်းနစ်မြို့မှ သင်္ဘောဆိုက်ပြီး......
ဟီး.... ဒါက. မကြာသေးမီက. လက်ထပ်ယူလာတဲ့ (ဂျက်ဆီကာ)ပါ။ ဟို. ဟို. (ရှိုင်းလော့)သမီးလေ
လက်ထပ်ရန် သဘော မတူလို့ - သူ့အိမ်က. ငွေ. ကြေး. လက်ဝတ်လက်စား များ ယူပြီး ထွက်ပြေးလာကြတာ......
တောက်..... အင်တိုနီယို...... ဟင်း
ဗင်းနစ်မြို့တွင်ကား - (ရှိုင်းလော့) သည် သမီးဖြစ်သူက မျိုးမတူ ဘာသာကွဲ - ယေဟုဒီမဟုတ်သူကိုယူ ရုံမက (အင်တိုနီယို)၏ အသိုင်းအဝိုင်းထဲက - (လော်ရင်ဇို) ဆိုသူဖြစ်နေ၍ သမီးကို ဒေါသထွက် လေသမျှ - ကုန်သည်ကြီး (အင်တိုနီယို) ပေါ် သို့သာ အမဲကြီးမဲလေတော့သည်။
ဟာ.....
ကျွတ် - ကျွတ်!
(လော်ရင်ဇို) တွင် (အင်တိုနီယို)ထံမှ စာတစ်စောင် ပါလာရာ - (ဘက်ဆာနီယို) ဖတ်လိုက်ပြီး ......


ဘယ်လို ဖြစ်တာလဲ - မောင် မကောင်းသတင်း ဆိုရင်လဲ ကြားပါရစေလား
(ပိုရှား)ကလည်း အလိုက်သိစွာပင် ...........
စာထဲတွင် .....
.... (အင်တိုနီယို)၏ သင်္ဘောများ မှာ ပင်လယ် တွင်ပျောက်ဆုံးနေသဖြင့် ငွေ - ကြေး အားလုံး ပင် ဆုံးရှုံး ဖြစ်နေသည်.....
သမီးကိစ္စကြောင့် (ရှိုင်းလော့)သည် - ဒေါသပုန်ထပြီး - လမ်းလျှောက်ကာ .....
ငါ့သမီးနဲ့ ငါ့ငွေတွေ ငါ့စိန်ရွှေ - ရတနာတွေ ရှာပေးကြပါ။ တရားလမ်းကြောင်း အတိုင်း ဖြစ်အောင် လုပ်ပေးကြပါ......
(အင်တိုနီယို)၏ သင်္ဘောများ - ပျောက်ဆုံးနေကြောင်း - သတင်းရသော အခါ၌ လည်း ...
(အင်တိုနီယို) ပေါ် ကလဲ့စား ချေဖို့ အချက်ရပြီကွ----- စာချုပ်အရ - ချေးငွေ ၃၀၀၀/- ရယူကြောင်း မြို့စားကြီး ထံ လျှောက်ထားမယ်၊ ငွေပြန် ပေးနိုင်မှာမဟုတ်ဘူး။ ဒီတော့ သူ့အသား - ၁ - ပေါင်သား လှီး ယူရမှာသေချာပြီ- - ကွ-----
ဗင်းနစ်မြို့စားကြီး ရုံးတော်တွင် .....
မလုပ်ပါနဲ့ လေ - မကောင်းပါဘူး
မရဘူး။ မြို့စားကြီး၊ စာချုပ်အရ - သူ့အသား - ၁-ပေါင်သား - လှီး ယူရမှ ကျေနပ် နိုင်ပါမယ်။
တခြားတနည်း လုပ်ပေါ့၊ အတိုးပိုယူ တာမျိုးလို
ကျမလဲ - ကျမတို့ ရှေ့ဝတီတွေ သိကြားတယ် ချေးငွေ - ၃၀၀၀ ကို - အဆ - ၂၀ - ဆပ်ရင် တောင် မယူလို ဘူးတဲ့၊ အသား - ၁ - ပေါင် သားဘဲ လှီး ယူချင် သတဲ့ .....
(ဂျက်စီကာ) ကလည်း သတင်းပေးလေသည်၊


ဒီလိုဆိုယင် မဖြစ်ဘူး - ခုချက်ချင်း မင်းနှစ်မြို့ကို လိုက်သွားပြီး - (အင်တိုနီယို)ကို ကယ်ဘို့ ကြိုးစားရမယ်..
အချစ်ဦး (ဘက်ဆာနီယို) ဟို - ဟို....
ထိုအခါ ချစ်ခင်ကြင်နာစဖြစ်သော (ပိုရှား) က (ဘက်ဆာနီယို) အတွက် စိတ်ထိခိုက်ကာ....
...ဒီလိုလုပ်ရင် - မကောင်းဘူး - လားဟောင်၊ ကျမတို့ လက်ထပ်ပွဲကို - အမြန်ဆုံး ကျင်းပ -ပြီးတော့မှ....
....မင်းနှစ်မြို့ကို အမြန်လိုက်သွားပါလား - ချေးငွေကို - အဆ၂၀ - သာပြန်လျော် ခဲ့ပါ.......
....ကိစ္စပြီးရင် - အဆွေခင်ပွန်းကောင်း (အင်တိုနီယို) ကိုပါ ခေါ်ခဲ့ပါလား....နော်


ဆရာ-အခုအချိန်ဆိုရင်-တရားခွင်မှာ အမှုတော် စ-တင် စစ်ဆေး နေလောက်ပြီတဲ့
ဟာ-ဒီလိုဆိုရင် နောက်ကျပါဘဲ (ဂရက်ရှာနို) ရယ်
ဂွန်ဒိုလာလှေဆရာ-မြန်မြန်လေး-လှော်ပို့ စမ်းပါ
ဆီ-ဆီ-ဆီညော် ဟုတ်ကဲ့-ဆရာ
....ထိုကြောင့် လက်ထပ်မင်္ဂလာပွဲကို အမြန်မြန်လုပ်ပြီးလျှင် (ဘက်ဆာနီယို) နှင့် (ဂရက်ရှာနို) တို့သည် ဇနီးနှစ်ဦးသို့ အပြေးအလွှားလိုက်သွားပြီး-တရားရုံးတော်သို့-ဂွန်ဒိုလာ-လှေနှင့် ခရီးဆက်ကြပြန်သည်။


ရှိုင်းလော့-တ ပါ့ကိုဖန်းလို့ တရားနိုင်တာဘဲ- တထည်နှုန်းခဲ့လိုလ အပိုပါတဲ့
မိဖာကျိုးကဘဲ ကတိတည်ရမယ်
ဒီလိုမဟုတ်ယင် မင်းနစ်မြို့ ကုန်သည်များဟာ ကတိမတည်ဘူးလို့ သူတကာက-သိကျွမ် ကဲ့ရဲ့ကြလိမ့်မယ်
တရားခွင်သို့ရောက်သောအခါ-(အင်တိုနီယို)သည်-အသနားခံ-တောင်းပန်ခြင်း မပြုလုပ်ဘဲနေသည်ကိုတွေ့ရ



x x x x x x x x x x
ဘို ကျုပ်က-ဘာလို့ညှာတာရမှာလဲ- (အင်တိုနီယို)ကို-ကျုပ်မှ မချစ်တာ
ကိုယ်မချစ်တာနဲ့ သတ်ပစ်ရရောလား
အခုနေ-ကျုပ်ချေးထားတဲ့ ငွေအမြန်ပေါင်း-ခြောက် ထောင်ပေးမယ်ဆို ယင်တောင် မယူ သေးဘူး
သူ့အသားတစ် -၁-ပေါင်ကိုဘဲ ယူမယ်....
တရားစစ်ဆေးနေသော မြို့စားကြီးက တောင်းပန်နေသည်ကိုပင်-ရှိုင်းလော့က.....


ကိုယ်က သူတပါးကို မညှာတာရင် - ကိုယ့်ကို ဘယ်သူက သနားညှာတာမှာလဲ
ကျုပ်ကလဲ - ဘယ်သူ့ အညှာတာကိုမှ မလိုချင်ဘူး
ကျုပ်အလိုရှိတာက - တရားလမ်းကြောင်း . အတိုင်းဖြစ်ဖို့ပါဘဲ
ကလဲ့စားချေရတော့မယ်...... ဓားသွေးထားရမယ်...
မြို့စားကြီး ခင်ဗျား - အခြားမြို့တမြို့မှ - လူငယ်ရှေ့နေတဦး လာရှိ - ကျွန်ုပ်အမှုကို လိုက်မည့်အကြောင်း ပြောလျှာပါသည်။ လူငယ်ပညာရှိဖြစ်ကြောင်း မြို့စားကြီး၏ မိတ်ဆွေက မိတ်ဆက်စာလည်း ပါလာပါသည်။
လာခွင့်ပြုသည်
ထိုအခိုက် ရုံးစေတမန်တဦး ဝင်လာပြီး...
လူငယ်ရှေ့နေကလေးသည် - သူ့စာရေးနှင့်အတူ - တရားခွင်သို့ရောက်လာလေသည်။
...အမှုသွား - အမှုလာကို နားထောင်ပြီး......
အို... ဓနဝတိကြီး - သနားညှာတာခြင်း တရား - ဆိုသည်မှာ - ဘယ်သူကမှ အတင်းအကြပ်စေခိုင်း၍ ရမည်မဟုတ်ပါ။ ကောင်းကင်ဘုံမှ ညင်သာစွာ သက်ဆင်းသည့် မိုးပေါက်များပမာ - မြေပေါ် သက်ရောက်လာစမြဲပင်ဖြစ်ပါသည်....
သနားညှာတာခြင်း တရားဟူသည် - ပေးသူနှင့် ရသူ နှစ်ဖက်စလုံးကို ကောင်းကျိုး မင်္ဂလာဖြစ်စေတတ်ပါသည်...


မကိုဋ် သရဖူဆင်သော ပြည့်ရှင်မင်းတို့သည် သနားညှာတာခြင်း ရင်ဝယ်ထားမှ သာလျှင် မင်းတို့၏ကျက်သရေဝိုး၍ ဘုန်းတန်ခိုး တောက်ပပါသည်
သနားညှာတာခြင်း တရားသာလျှင် မင်း၏တန်ခိုး အာဏာ ထက် သာလွန် ဘုန်းကြီးပေပါသည်.......
....မင်းတို့၏ ကိုင်သော အာဏာသံလျက်သည် ထယ်ဝါခန့်ညားရှိ၍ - လူအများ ကြောက်ရွံ့အောင် တတ်နိုင်ပေသည်။ သို့သော် - သနားညှာတာခြင်း တရားဟူသည် - ထိုသံလျက်ဦးတည်သော အာဏာ ထက် - ကျော်လွန်၍ မြင့်မြတ်သော ဂုဏ်ရှိပါသည် ............
ပြည့်ရှင်မင်းတို့၏ အသဲနှလုံးတွင် ကိန်းဝပ်သော သနားညှာတာခြင်းတရားသည် ဦးခေါင်းတွင် ဆောင်းအပ်သော - သရဖူမကိုဋ်ထက် မြင့်မြတ် လှပါသည်
သို့ဖြစ်၍ - ရေဝတီကြီး ရှိုင်းလော့သည် - သနား ညှာတာခြင်းတရားကို - ကျင့်သုံးပါဟု - တောင်းပန်ပါသည်....။
ဟင် အင်း
ငွေဘယ်လောက် ပေးပေး - မယူပါဘူး
ငွေ - ဘယ်ဆ ပေးမယ်လေ
မယူဘူး။ အင်တိုနီယိုကို သတ်ရမှ ကျေနပ်မှာ ကွ
ဒီလိုဆိုရင် - တရား ဥပဒေအရ - ရှိုင်းလော့ကို - အနိုင်ပေး ရတော့ မည်။ သူ - မသနား မညှာတာနိုင်လျှင် အင်တိုနီယိုမှာ - အသား လှီးယူခံ ရတော့ မှာဘဲ



ထိုစကား ကြားလေလျှင်..
တရားခွင် မှာရောက်လာတဲ့ လူငယ် ရှေ့နေ လေး ဟာ. တကယ့် ပညာ ရှိလေးပါဘဲ.... ခင်များကို- ကျုပ်ချီးကျူး ပါတယ်.....ဟဲ..
ကျုပ်ဓားသွေး လိုက်အုံးမယ်
ရှိုင်းလော့သည် အားရဝမ်းသာထ၍အော်၏
ကဲ- အင်တိုနီယို ရင်ဝကြီးရဲ့ ဒါးလှီးခံဘို့သာ ပြင် ပေတော့...
တယ်တော်တဲ့ ရှေ့နေလေးပါဘဲလား- အံ့ဩလောက်အောင် တော်ပါပေတယ်...
ကဲ- ဒါဖြင့်- အင်တိုနီယို အင်္ကျီ ကြယ်သီး ဖြုတ်- ရင်ဘတ်ကို လှပ်ပေတော့
ဟုတ်တယ်- အင်္ကျီကြယ်သီးဖြုတ်- ဒါမှ အသဲ နှလုံး နှင့် အနီး ဆုံးနေရာက နေ့လှီး ရမှာ
အသား ချိန်ဘို့ ချိန်ခွင်- အသင့် ဖြစ်ပြီလား
ရှိပါ့များ -
ဒဏ်ရာ-သွေး ထွက်ရင် -စည်း အောင်ပေးဘို့ ဆေးသမား ကော ရှိပြီလား -
ဒီလို လုပ်ရ မယ်လို့-စာချုပ်ထဲ မပါ ပါဘူး



ဘာမှ မပြောချင်ပါဘူး။ ကိုယ်ချစ်တဲ့ မိတ်ဆွေ ဘက်ဆာနီယို အတွက် အသက်စွန့်နိုင်တာ ဝမ်းသာပါတယ်.....
ကဲ - ဘက်ဆာနီယို - သွားတော့မယ်နော်.. ကျုပ် - ခုလိုဖြစ်ရတာကို ဝမ်းမနည်းပါနဲ့တော့နော်....
ဒါဖြင့် အင်တိုနီယို ဘာများ ပြောချင်သေးသလဲ...
...ကျုပ် - ကောင်းပါတယ်......
....ဘာလို့လဲ ဆိုတော့... ကျုပ်ပစ္စည်းဥစ္စာ ဆုံးပါး အမွဲ့ အတေ ဘဝနဲ့ အသက်ရှည်နေရရင် ..ကျုပ်ဟာ - အိုမင်းပြီး ဆင်းရဲခံနေရဦးမှာက - ပိုဆိုးပါတယ်။ ကံကြမ္မာက - ကျုပ်ကို သနားလို့ - ခုလို ကျုပ်သက်တမ်းကို ဖြတ်ပေးလိုက်တာဘဲ......
.....ခင်များဇနီးသည်ကိုလဲ ပြောပြလိုက်ပါ... သေခါနီးမှာတောင် ခင်များအပေါ်မှာ မေတ္တာမပျက်ဘဲ ချစ်ခင်လျက်ဘဲ.....လို့။
ကျုပ်မှာ - ကျုပ် အသက်ထက် မြတ်နိုးတဲ့ ဇနီးသည်လေးရှိပါတယ် - ဒါပေမယ့် ခင်များ အတွက် ဆိုရင် - ကျုပ်အသက်ရော ဇနီးသည် အသက်ပါ စွန့်နိုင်ပါတယ်
အင်း.. ဒီစကားကို ခင်များဇနီးကြားရင်တော့ ကျေးဇူးတင်မှာ မဟုတ်ဖူး
ကဲ - ရှေ့တော်ကြီး - သင့်အတွက် ရုံးတော်က ချမှတ်တဲ့ အတိုင်း... အင်တိုနီယို ဆီက အသား - ၁ - ပေါင်သာ လှီးယူပေတော့....
တယ် တော်မှန် ကြောင့်မဟုတ်တဲ့ လူငယ်လေးဘဲ။
ကိုင်း - အင်တိုနီယို လာပေတော့......
ဆိုင်းပါဦး လေ
တခုကျန် သေးတယ်



ဟာ........ အရေးထဲ. ဘာဖြစ်လို့လဲ
စာချုပ်ထဲမှာ အသား တပေါင် ကိုသာ ယူရမယ်လို့ ပါတယ်...
....သွေး တစက်မှ မပါဘူး....
....ဒီတော့..... အသား တပေါင်သား လှီး ယူပေါ့.... ဒါပေမယ့် သွေးတော့ တစက်မှ မထွက်စေနဲ့.....
....သွေးထွက် ရင် ဥပဒေ အတိုင်း ခင်များ ပိုင်တဲ့ ပစ္စည်းတွေကို အစိုးရက သိမ်းလိမ့်မယ်။
ထိုအခါ ဘက်ဆာနီယို၏ တပည့်က - အားတက်လာကာ ဝင်၍ ကလိ လိုက်သေး၏။
ကိုင်း - ဘယ့်နှယ်ရှိစ ရေဝတီကြီးရဲ့ — အတော် ဖြောင့်မတ်တဲ့ လူငယ်လေးပါဘဲဗျာ ......ကြားရဲ့လား.. ဟုတ်ရဲ့လား: .... ဟဲ ဟဲ ဟဲ
ဥပဒေ ကကော ဒီလို ဆိုလို့လား ကွ ......


ဥပဒေကိုကြည့်ချင်ရင် မြင်နိုင်ပါတယ် ဗျား — ခင်ဗျားကလဲ တရားဥပဒေ အတိုင်း ဖြစ်ရမယ် လို့ အတန်တန် တောင်းဆိုထားတယ်ဟုတ်လား... အခု တရား အတိုင်း ဖြစ်ရမယ်လေ... တရားလိုက်တာမှ ခင်ဗျားတောင် ကြိုက်မှာ မဟုတ်ဖူး ......
ဟာ........ ဒီလိုဆိုရင်တော့... တချုပ်ထဲပါတဲ့ငွေရဲ့ သုံးဆဘဲ - ပေး ပါတော့လေ.... တရားခံ - အင်တိုနီယိုကို - လွှတ်လိုက်ပါတော့ .....
ဘက်ဆာနီယိုက ကျေနပ်စွာငွေပေးမည်ပြု၍
ဟောဒီမှာ - ငွေ - အဆင်သင့် ပါဘဲ ခင်ဗျာ
သည်းခံပါ အုံး အရင် မလိုပါနဲ့...
.... တရားလို ရှေဝတီကြီးက - တရား ဥပဒေ အရမှ ကြိုက်တာ... ဗျ......
သူ့ကြောင့် တရားရုံးတော်က စီရင်ချက်ချပေးတာကလွဲပြီး ဘာမှ ရနိုင်ခွင့် မရှိပါဘူး
ဟဲ - ရှေဝတီကြီး ... အသား လှီးမှာ လှီးတော့လေ..... သွေးတော့ တစက်မှ မထွက်စေရဘူး... အသားချိန်လဲ - တပေါင် တိတိသာ ဖြစ်ရမယ် - နဲနဲမှ အပို အလို မရှိရဘူးနော်... ဒီအတိုင်း မဟုတ်ရင် - ခင်ဗျာ့ ပစ္စည်းတွေ အသိမ်းခံရမှာဘဲ... ..........
ရှိုင်းလော့သည် ဒေါသဖြစ်ခါ - တကိုယ်လုံး ဆတ်ဆတ်တုန်လျက်
ဟဲလေ.... ချေးထားတဲ့ငွေကို အတိုး မပါဘဲ - အရင်းအတိုင်းသာ ပေးရင် တော်ပါပြီ



ထိုအခါ ဘက်ဆာနီယိုက - ချက်ခြင်း ငွေထုတ်
ပေးလိုက်၏၊ သို့သော် ဝတ်လုံလေးက - ဟန့်တားလိုက်၏
ရပါတယ်.... အဆင်သင့်ဘဲ
နေပါအုံး...ဒီငွေကို သူမယူနိုင်ဘူးလို့ တရားခွင်မှာ ငြင်းထားတယ်... ဒီတော့ - သူ့စကား အတိုင်း - စာချုပ်ထဲမှာ ပါတဲ့ - အသား တပေါင်ဘဲ ယူရ မှာပေါ့.......
ဒီလိုဆိုရင် - အရင်က ကျူပ်တောင်းဆိုထားတာကို ပယ်ဖျက်လိုက်ပြီ.... ကဲ - သွားမယ်
သွားလို့ ဘယ်ရမလဲ
သင်ဟာ - ရေဝတီလူမျိုး ဆိုတော့ ဒီတိုင်းပြည်မှာ - လူမျိုးခြားပေါ့...
...ဗင်းနစ်မြို့တော်ရဲ့ ဥပဒေ အရ - လူမျိုးခြား တဦးက - မြို့တော်သားတဦးကို သေကြောင်း ကြံရင် - ဒီလူကို သေဒဏ် ခတ်ရတယ်......" သူပိုင်တဲ့ ပစ္စည်းတွေကိုလဲ - လုပ်ကြံခံရသူက တဝက် - အစိုးရက တဝက် - သိမ်းပိုက်ရတယ်
ဒီတော့ - ဒီအမှုသွားကို - ဗင်းနစ်မြို့စား ကြီးက ဆုံးဖြတ်ရပါလိမ့်မယ်......"
အင်း..... ဒီ အခြေရောက်နေတော့လဲ - ဒီ အဖိုးကြီး သနားစရာဘဲ...... သူ့ ခမျာ ကြောက်အူတက်နေရှာပြီ......


ရုံးတော်မှ အမိန့်ချမယ်......နာခံကြလော့
ဤကိစ္စတွင် တရားလို ရှုံးလော့သည်....
ကြီးလေးသော အပြစ်ကို ကျူးလွန်ကြောင်း
ထင်ရှား၏။ သို့သော် တရားလိုသည်
အသက်ကြီးရင့်ပြီဖြစ်၍ ဥာတာ
သောအားဖြင့် - သေဒဏ်ကို
ခွင့်လွှတ်နိုင်သော်လည်း
..... သူ့ပိုင်ဆိုင်သော
ပစ္စည်းများကို - ဥပဒေ
အတိုင်း - အစိုးရနှင့်
တရားခံ - အင်တိုနီယိုတို့
တဝက်စီ - အညီအမျှ
သိမ်းပိုက်စေ.........။
ကျုပ် အသက်ကိုပါ ယူလိုက်ကြပါတော့....
ကျုပ်ရဲ့ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ငွေတွေ
ယူသွားပြီးတဲ့နောက် ဘယ်လိုလုပ်ပြီး
အသက်ရှင်နေရတော့မှာလဲ -
ရှိုက်
ရှိုက် -
ကဲ - အင်တိုနီယို -
ရေဝတီကြီး အပေါ်မှာ
ဘယ်လောက် သက်ညှာ
နိုင်မှာလဲ...
အင်း......
ဒီလူကြီးတော့
အုံးအုံးကြီး
ကျသွားရှာမှကိုး
....
သူ့ပစ္စည်းတွေကို အစိုးရက တဝက်
သိမ်းပိုက်ပြီး - တဝက်ကို ကျုပ်ရမယ်
ဆိုတော့........ ကျုပ်ရမယ့်
ဝေစုကို မယူပါဘူး.....
......သူ မရှိတဲ့အခါ
ကျမှ - အဲဒီပစ္စည်းတွေ
ကို - တလောက
ယောက်ျားနောက်
လိုက်သွားတဲ့ - သူ့သမီး
ဂျက်ဆီကာ တို့ကို ပေးမယ့်
တချုပ်လက်မှတ်ထိုးရင်တော်ပါပြီ။
အေးဗျာ... တချုပ်ကိုသာ
လက်မှတ်ထိုးဘို့
ကျုပ် အိမ်ကို
ပို့လိုက်ပါတော့...
ကျုပ်လဲ သိပ် နေမကောင်းဘူး.....
ပြန်ပါရစေတော့....
ထိုသို့ ပြောဆိုပြီး ရုံးတော်မှ ထွက်သွားလေ၏


အမှုကိစ္စပြီးစီးသွားပြီဖြစ်၍-ဝတ်လုံလေး ပြန်ရန်ပြင်ဆင်လေသော-အင်တိုနီယိုက--
.....ကျေးဇူးကြီးလှပါပေတယ်။ ရှိုင်းလော့ကို ပေးရမယ့်ဖြစ်တဲ့ ငွေတွေကို မိတ်ဆွေအား-ပေးပါရစေ၊ လက်ခံပါ၊ အမှန်တော့ ဒါထက်မက တန်ပါတယ်...
မယူပါရစေနဲ့၊ ခင်ဗျားတို့ကို စိတ်ချမ်းသာအောင် ကယ်နိုင်တာကိုဘဲ ဝမ်းမြောက်လှပါပြီ
ဘက်ဆာနီယိုကလည်း ဝင်ပြောလေရာ-
ကျေးဇူးကြီးလှပါပေတယ်-ရှေ့နေဗားရှယ်..... အဖိုးအခ သဘောနဲ့ မဟုတ်တောင်...အမှတ်တရ တခုခုတော့ ပေးပါရစေလား...
ကဲလေ-ဒီလိုဆိုရင်လဲ-ခင်ဗျားလက်က လက်စွပ်ကလေးလောက်ကိုဘဲ လက်ခံပါ့မယ်...
ဘက်ဆာနီယိုသည်-လက်ကို ရုတ်မိလိုက်ပြီး
ဒါကတော့ မင်္ဂလာဦးက-ဇနီးသည်-ပိုရှား-ကပေးထားတဲ့လက်စွပ်မို့-တသက်လုံးဝတ်ပါ့မယ့်-လို့ ကတိပြုထားလို့ပါ...ဟဲ..
ဒါလေးကလဲ ခုပ်လှပါတယ် ဒါ့ထက် တန်ဘိုးထိုက် တန်တဲ့ လက်စွပ်-ဝယ် ပေးပါရစေ.....ဟဲဟဲ...
ခင်ဗျားကဘဲ ပေးပါရစေဆိုလို့ တောင်းမိပါတယ်...တကယ်ဆို-ခုတော့ တောင်းမိသူကိုဘဲ-သူတောင်းစားချနေတာဘဲ.... ငြင်းပယ်လိုက်တာ....တော်ပါ...သွားမယ်။
ထိုအခါ အင်တိုနီယိုက အနီးကပ်၍ အကြံပေး၏
ဘက်ဆာနီယိုရယ်.....မင်းကလဲ ပေးလိုက်စမ်းပေါ့....ပိုရှား စိတ်ဆိုးမှာနဲ့-ဟိုရှေ့နေလေး ကျေးဇူး ချိန်ကြည့်ရင်...-ရှေ့နေလေးကျေးဇူးက ကြီးပါတယ်ကွာ
ခုတော့ စိတ်ဆိုး သွားပြီ
အေး-ဟုတ်ပြီ
ထို့ကြောင့် ဘက်ဆာနီယိုက-သူ့တပည့်အား
ရော့ရော့-ဂရက်ရှာနို သူတို့ကို မှီအောင် လိုက်ပေးလိုက်စမ်းပါ
ဟုတ်ကဲ့


ဗင်းနစ်မြို့တွင်း - တနေရာတွင်
ငါတို့ - အိမ်ကို မြန်မြန် ပြန်ရောက် မှဖြစ်မယ်
တချုပ်မှာ လက်မှတ် သွားထိုး နိုင်းရ အုံးမယ် လေ
ထိုအခိုက် - ရေကျော်ရှိ - ရောက်လာပြီး
တော်ပါသေးရဲ့ ... ဝတ်လုံ တော်ရတို့ကို လိုက်ရှာနေ တာ.... ကျွန်တော့် ဆရာ ဘက်ဆာနီယို - က လက်စွပ်ပေးနိုင်း လိုက်ပါတယ် ....
လက်စွပ်ကိုလက်ခံရင်း - - အကူအညီ တောင်းလိုက်သေး၏
ကျေးဇူးတင်ပါတယ်
ဒါနဲ့ - တခုလောက် ကူညီပါလား
ရပါတယ်
တချုပ်လက်မှတ်ထိုးဘို့ ကျုပ်စာရေးကို - ရှိုင်းလော့ အိမ် လိုက်ပြ လိုက်ပါ
ဟုတ်ကဲ့- အခုဘဲ ပို့ပါ့မယ်
စာရေးလေးသည် - လိုက်သွားပြီးမှ - တဖန် ဝတ်လုံလေးနား - တယောက်ထည်း ပြန်လာကာ တီးတိုး ပြောလေ၏....
ဪ... သူ့လက်စွပ်လည်း -တောင်းကြည့် ချင် တောင်း ကြည့်ပေါ့
ဘယ်လ်မွန့်မြို့ ၌ - ပိုရှား၏ အိမ်တွင် ကား - ရှိုင်းလော့၏ သမီး - ဂျက်ဆီကာတို့ သစ်လွင် ဖနီးယောင်နှင့်တို့သည် - လရောင်အောက်တွင် ချစ်တင်း နှီးနှော နေချိန်ဖြစ်၏ ...
ယောင်ရယ်... ရှေ့လ သာလိုက်တာ နော် အခုလိုညမျိုးမှာပေါ့ ယောင်မှတ်မိသေး လား
အတော်ပင်ညဉ့်နက်မှ - အပြင်ထွက်နေ သော - အိမ်ရှင်မ ပိုရှား၏ အသံကိုကြားရ၏
ဘက်ဆာနီယိုတို့ ပြန်ရောက်ပြီလား- ဂျက်ဆီကာ ရေ
မရောက်သေးပါဘူး မမကြီး
တော်ပါသေးရဲ့


ထိုအချိန်တွင် - ဘက်ဆာနီယိုသည် - သူငယ်ချင်း အင်တိုနီယိုပါ ဖိတ်ခေါ်လို့ ပြန်လာရာ - လမ်းခုလတ် သင်္ဘော ပေါ်မှာ တွင်ယင်ရှိသေး၏။
အိမ်ပြန်ရောက်ရင် - ချစ်ဇနီး ပိုရှားက - လက်စွပ် အကြောင်း မေးရင်တော့ ××××××
ကျုပ်နဲ့လဲ နာရစ်ဆာက မေးမှာဘဲ
ကျုပ်ပြလဲ ဝိုင်းရှင်းပြ ပါမယ်လေ
ညဉ့်နက်သန်းခေါင်ချိန်၌ အိမ်ပြန်ရောက်လျှင်
ပိုရှား ရေ - ဟောဒီမှာ ကိုယ့်ကျေးဇူးရှင်ကြီး အင်တိုနီယို လဲ ပါလာတယ်
တွေ့ရတာ ဝမ်းသာပါတယ်.. အမှုပြီးသွားပြီပေါ့နော် ....... ဒီအိမ်မှာ စိတ်တိုင်းကျ တည်းပါနော်
ထိုအခိုက် - အခန်း တဖက်ထောင့်မှ အသံထွက်လာ၏
တကယ်ပါ - မညာပါဘူးဟယ်... ဝတ်လုံတော်ရဲ့ စာရေးလေးကို ပေးလိုက်တာပါ။ ကျိန် ဆိုရင် ကျိန်ပါ့မယ်..... မင်းခုလောက် စိတ်ထိခိုက်ရတာ.. ဖြစ်မှဖြစ်ရလေ.....
ဟာ - ဟာ - နာရစ်ဆာ - ဂရက်ရှာနို - ဘာဖြစ်နေကြတာလဲ
အလကားပါ မမရယ်... မြွေကွင်းကလေး မဖြစ်စလောက်နဲ့ ...
ဘာ - မဖြစ်စလောက်လဲ.... အဖိုး မတန်တော့ ဘူး - ပေါ့လေ.... ပေးလိုက်တုန်းကဖြင့် - သေတဲ့အထိ ဝတ်ထားမယ်လေးဘာလေးနဲ့ - ဘယ်ကောင်မကို ပေးလိုက်မှန်းမှ မသိဘဲ...
ဘယ်ကောင်မ မှ - မဟုတ်ဖူးကွ - ကောင်ထီးကလေး - ကောင်ထီးကလေး အရပ်အမြောင်းက - မင့်လောက် ဘဲရှိတယ်....
ထိုအခါ ပိုရှားက
ဟော့ - ဂရက်ရှာနို --- မင်းကလဲ မှင်းဘဲ ...... ဇနီးသယ်က - မင်္ဂလာဦးမှာ ပေးတဲ့ လက်စွပ်ကို ပေးပစ်ရသလား .... မင်း လွန်တာပေါ့ - သူ့ ခမျာ - စိတ်ထိခိုက် မယ် ဆိုလဲ - ထိခိုက်စရာပေါ့ ....... ငါသာ ဆိုရင်တော့ကွာ ပေးနိုင်မှာ - မဟုတ်ဖူး
ထိုသို့ပြောနေကြစဉ် - ဘက်ဆာနီယိုမှာ စိတ်မလုံဘဲ - တီးတိုးရွတ်ဆိုနေ၏။
အဲဒါမှ ဒုက္ခပါဘဲ.... ငါ့လက်ဆော့ဖြတ်ပစ်လိုက် ချင်တော့တယ်
မမကြီး သခင်ကြီး ဘက်ဆာနီယိုကိုလဲ မေးကြည့်ပါအုံး
အမယ် - သူကတော့ မပေးသေးဘူး။ အဝေးကြီးကျန်သေး တယ်..............နော်


ဘက်ဆာနီယိုက - မိမိလက်ကိုပြရင်း ပြော၏
ကဲ - ပြုမိတဲ့ အပြစ်ကို ထပ်လေးအောင်တော့ မညာတော့ပါဘူး - ဒီလက်ကိုသာ ကြည့်ပါတော့ - လက်စွပ် မရှိတော့ဘူး ....
ဪ - ဒီလိုကိုး .... လက်မှာသာ လက်စွပ် မရှိတော့တာ မဟုတ်ဖူး - အသည်း နှလုံးထဲမှာလဲ သစ္စာမရှိတော့ဘူး ပေါ့ ......
ကဲ - ဒီ လက်စွပ်ကို ပြန်ရရင် ရ ... မရရင်တော့ ... ဒါဘဲ ။
ဒီလက်စွပ် ပြန်ရရင်ရ - မရရင် သိကြ ရောပေါ့
မိန်းမတယောက် ယောက်ကို ပေးတာဘဲဖြစ်ရမယ် .. လက်စွပ်ဟာ - မိန်းမလက်ထဲမှာဘဲ ရှိမှာပေါ့
အင်တိုနီယိုက - ဝင်နှစ်သိမ့် လိုက်သေး၏
ကျနော့်ကြောင့် - ခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး
ကိစ္စမရှိပါဘူး အကိုကြီးရယ်
တကယ်ပါ - ပိုရှားရယ် ပေး ချင်တဲ့ သစ္စာ ပေးပါ
သစ္စာမရှိတဲ့သူကို သစ္စာ ပေးလို့ - အပို ပေါ့
ကျနော်-ကြားထဲက - တောင်းပန်ပါတယ် .... ဝတ်လုံလေးကို ပေးတာ အမှန်ပါဘဲ ... မိန်းမတယောက်ကို ပေးတာ မဟုတ်ရပါဘူး
အကိုကြီးက တာဝန်ယူ ပြောတော့ ယုံရမှာပေါ့ ....
ဒါဖြင့် - ရော့ - ဟောဒီ လက်စွပ်ကို - ရှင့်လူ ရှင်ဘဲပေး လိုက်ပါ .... ဒီတခါတော့ ဘယ်သူ့ကိုမှ - စေတနာ လွန်ကဲပြီး မပေးပါနဲ့ လို့လဲ - မှာပေးပါ
ကောင်းပါပြီ
လက်ဆင့်ကမ်း၍ - လက်စွပ် သည်-ဘက်ဆာ နီယိုလက်ထဲ ရောက် သဖြင့် ကြည့်လိုက်လျှင်
ဟင်
ဒါ .. ဒါ ..... ဝတ်လုံလေးကို ပေးလိုက်တဲ့ လက်စွပ်ဘဲ .
ဟုတ်ပါ့မလား
သေချာပါတယ်



ထိုအခါကျမှ - ပိုကျားက - ရှင်းပြလိုက်လေသည်
ခစ် ခစ်
ခစ် ခစ်
ဒီလိုရှင်........ ကျမတို့ ယောကျ်ားလို ဝတ်ပြီး - ဝတ်လုံနဲ့စာရေး ယောင်ဆောင်ပြီး - လိုက်လာခဲ့ကြတာပေါ့ xxx xxxxxx
ခစ် ခစ် ခစ်
ခစ် ခစ်
ခေါက်တော့ xxxxxxxxxx xxxxxx ပြန်ရောက်လာတာ သိပ်မကြာသေးဘူး xx xxxx
ဟင်
ဘာ
ဝါး ဟားဟားဟား
ဒါနဲ့ - နေပါအုံး ဟဲ့ - ဟဲ့ - အကိုကြီး အင်တိုနီယို အတွက် - စာတစောင် ရောက်နေတယ် - ကော့ -
ကော့ - လိုရင်တို့နဲ့ လျက်ဆီကာအတွက်လဲ ပါတယ်
အင်တိုနီယိုသည် စာဖတ်လိုက်ပြီး
ဟော ဗျ — ကျုပ်သင်္ဘောတွေ မပျက်မစီးဘဲ မကြာမီ ပြန်ရောက် တော့မယ် .....တဲ့
ဝမ်းသာလိုက် တာရှင်...
ဟယ်
ဟင်
ဟာ
လိုရင်တို့လည်း သတင်းကောင်းရကြ၍...
ဟေး ဟေး ဟေး
ဒီမှာကြည့်ပါအုံး - မောင်ရှယ် ဖေဖေ့ဆီက - အမွေ ပေးတဲ့ စာချုပ်တဲ့
ဟား
ကောင်းပါ့ဗျား - ဖိုးပေါ်က - ကျုပ်တို့ ရွှေတုံးကြီး ဘဲ
ဝေး ဟေးဟေး
သစ်လွင်ဖနိုးမောင်နှံသုံးစုံနှင့် ကုန်သည်ကြီး အင်တိုနီယိုတို့သည် - အပျော်ကြီးပျော်ကြကာ အောင်ပွဲဆင်နွှဲကြလေတော့သတည်း။

မြဝတီ

ရှိတ်စပီးယား၏

# မင်းနစ်မြို့ ကုန်သည်ကြီး

## THE MERCHANT OF VENICE

ဇာတ်လမ်းဘာသာပြန်–ခင်မျိုးချစ်
ပန်းချီ–ဦးဘကြည်

### ရှိတ်စပီးယား

ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာကြီး ဝီလျံရှိတ်စပီးယားသည် ၁၅၆၄–ခုတွင် ဖွားမြင်၍ အသက် ၅၂–နှစ်အရွယ် ၁၆၁၆–ခုတွင် ကွယ်လွန်ခဲ့သည်။ သူသည် အသက်ထင်ရှားရှိစဉ် ပြဇာတ်များနှင့် ကဗျာများရေးခဲ့သည်။ ထိုစာတို့သည် ထူးခြားပြောင်မြောက်၍ လူသားတို့ကို များစွာအကျိုးပြုနိုင်ခဲ့သည်။ ထိုစာတို့ကို ဖတ်ရသူတိုင်းပင် လူ့သဘော၊ လူ့သဘာဝတို့ကို ပိုမိုသိရှိကာ ဘဝ အသိ အမြင် သတိတရားတို့ပွားများခဲ့ကြသည်။

### ရှိတ်စပီးယားနှင့်ကမ္ဘာ

ရှိတ်စပီးယား၏ စာတို့ကို အင်္ဂလိပ်လူမျိုးများသာမက ကမ္ဘာ့လူမျိုး အသီးသီးကပါ နှစ်သက်ကြသဖြင့် ကမ္ဘာ့ဘာသာအသီးသီးသို့ ပြန်ဆိုခဲ့ကြသည်။ ကမ္ဘာ့ကလေးလူငယ်စာပေ၌ ရှိတ်စပီးယား၏ ပြဇာတ်များကို ရုပ်ပြဇာတ်လမ်းများအဖြစ် ဖန်တီးစီစဉ် ထုတ်ဝေကြသည်။

မြဝတီစာစဉ်ကလည်း မြန်မာကလေးလူငယ်များအတွက် စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်နှင့် ပန်းချီဆရာကြီး ဦးဘကြည်တို့ စီစဉ်တင်ဆက်သော ဤရုပ်ပြဇာတ်လမ်းကို ထုတ်ဝေပါသည်။ 'မင်းနစ်မြို့ ကုန်သည်ကြီး' ပြဇာတ်သည် ရှိတ်စပီးယား၏ ထူးခြားပြောင်မြောက်သော ပြဇာတ်တပုဒ်ဖြစ်ပါသည်။

မြဝတီစာစဉ်
မြဝတီပုံနှိပ်တိုက်
၁–၂–၇၀

---

ထုတ်ဝေသူ – အယ်ဒီတာချုပ် ဦးဝင်းမောင် (မင်းယုဝေ) (ဝ၁၁၆၅)၊
ပုံနှိပ်သူ – အထွေထွေစီမံခန့်ခွဲရေးမှူး ဦးသန်းညွန့် (ဝ၂၂၅၁)
မြဝတီပုံနှိပ်တိုက် ၁၇၄၊ ၃၂–လမ်း၊ ရန်ကုန်၊ (ဖုန်း–၁၇၅၁ဝ/၁၇၂၄၇)
အုပ်ရေ ၇ဝဝဝ။ တန်ဖိုး ၁–ကျပ် ၅ဝ–ပြား။

---